# တက်ကြွစွာ သင်ယူစေသော နည်းလမ်းများ

က (၂.၁) သင်ကြားသင်ယူမှုနည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကိုနားလည်သဘောပေါက်ခြင်း
ခ(၁) သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကိုအသုံးပြု ၊ သင်ရိုးညွှန်းတမ်းအကြောင်းအရာကိုသင်ကြားခြင်း

Teacher FOCUS

ကိုယ်တိုင်လုပ်ဆောင်ခြင်းသည်အကောင်းဆုံးသင်ယူမှုနည်းလမ်းဖြစ်သည်။မိမိ ကိုယ်ကိုယုံကြည်မှု ရှိသော ဆရာသည် ကျောင်းသားများကို တစ်ယောက်ချင်းစီသာမကအဖွဲ့လိုက်ပါတက်ကြွစွာသင်ယူနိုင်ရန်အခွင့်အလမ်းများပေးသည်။ ကျောင်းသားများသည် ၄င်းတို့အချင်းချင်းထံမှလည်း သင်ယူနိုင်ကြပါသည်။ Activity များသည် ကျောင်းသားများကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းမှ သင်စေရန် ထောက်ကူအားပေးသော နည်းလမ်းကောင်းတစ်ခု ဖြစ်သည်။ တစ်ချို့သော ကျောင်းသားများသည် မေးခွန်းများ ဖြေရန် ရှက်ကြောက်ကြသော်လည်း Activity များတွင်ပူးပေါင်းပါဝင်တတ်ကြပါသည်။ ကျောင်းသားများကို သင်ယူစေလိုသည့်အပေါ်မူတည်ပြီးအုပ်စုအရွယ်အစားများကို ရည်ရွယ်ချက် ရှိရှိရွေးချယ်ပေးရန် အရေးကြီးပါသည်။

## ဘယ်အုပ်စုအရွယ်အစားကိုအသုံးပြု သင့်သလဲ

- မတူညီတဲ့ အုပ်စုအရွယ်အစားများ အတွက် ရည်ရွယ်ချက်အမျိုးမျိုးရှိနိုင်ပါသည်။
- သင်ခန်းစာပြင်ဆင်နေစဉ်သင်၏ကျောင်းသားများ၏ပူးပေါင်းလုပ်ဆောင်ပုံကိုအောက်ပါအတိုင်းရွေးချယ်နိုင်ပါသည်။

## တစ်ဦးချင်းစီအလိုက်

- တစ်ဦးချင်းစီအလိုက်သင်ယူခြင်းသည်ကျောင်းသား၏ သင်ခန်းစာကျေညက်မှုနှင့်အမှီအခိုကင်းစွာ လုပ်ဆောင်နိုင်မှုတို့ကိုလေ့လာဆန်းစစ်ရန် အကောင်းဆုံး ဖြစ်သည်။
- ကျောင်းသားများကိုတစ်ဦးချင်းစီအလိုက်လုပ်ဆောင်စေသောလှုပ်ရှားမှုများမှာ ။အကဲဖြတ်မှုများ (ညကျစ်မေးခွန်းများမေးခြင်း၊ အိမ်စာများလုပ်စေခြင်း၊ အသံတိတ်စာဖတ်စေခြင်း) အချက်အလက်သုံးခု-မေးခွန်းနှစ်ခု-အတွေးအခေါ်တစ်ခု၊ ထောင့်လေးထောင့်၊ ကျောက်သင်ပုန်းအပြည့်ရေးခြင်း၊ မဲပေးခြင်း။

## အဖွဲ့ငယ် အလိုက် ၃-၅ ယောက်ကြား

- အဖွဲ့ငယ်များအလိုက်လုပ်ဆောင်ခြင်းသည်ကျောင်းသားများကိုအုပ်စုလိုက်လုပ်ဆောင်စေခြင်း၊ အလုပ်ကြီးများကို အပိုင်းငယ်များခွဲ၍လုပ်ဆောင်နိုင်စေရန်အခွင့်ပေးသည်။
- ကျောင်းသားများသည်ဦးဆောင်ရန်နှင့်ဆုံးဖြတ်ချက်များ ချနိုင်ရန်အခွင့်အရေးရသည်။
- အဖွဲ့ငယ်အလိုက်လုပ် ဆောင်နိုင်သောလှုပ်ရှားမှုတစ်ချို့မှာ။ ပိုစတာများ ပြုလုပ် စေခြင်း၊သိပ္ပံလက်တွေ့စမ်းသပ်မှုများ ၊ အလှည့်ကျ သရုပ်ဆောင်ခြင်း၊ အဖွဲ့လိုက် ပရောဂျက်လုပ်စေခြင်း (သို့) Presentation လုပ်စေခြင်း စကား ရည်လု ပြိုင်ပွဲများ၊ ပြခန်းတွင်း လမ်းလျှောက်ခြင်းအစီအစဉ်၊ ရတနာရှာဖွေခြင်း။

## နှစ်ယောက်တွဲအလိုက်

- နှစ်ယောက်တွဲအလိုက်သင်ယူခြင်းကိုယုံကြည်မှုရှိသောကျောင်းသားနှင့် ရှက်တက်သောကျောင်းသား၊ စာတော်သောကျောင်းသားနှင့် အခက်အခဲရှိသော ကျောင်း သား (သို့မဟုတ်)၊ အတူတူအလုပ်တွဲလုပ်ရန် အခွင့်အရေး သိပ်မရသော ကျောင်းသားများကို တွဲဖက်လုပ်ဆောင်စေရန် အသုံးပြုနိုင်သည်။
- နှစ်ယောက်တွဲအလိုက်လုပ်ဆောင်စေသောလှုပ်ရှားမှု အချို့မှာ (တွေး-တွဲ-မျှဝေ၊ အတွဲလိုက်သင်ကြားစေခြင်း၊ Presentation လုပ်စေခြင်း၊ ရတနာရှာဖွေခြင်း)

# ကျောင်းသားတစ်ဦးချင်းစီအလိုက်လုပ်ဆောင်ခြင်းနည်းလမ်းများ

## ထောင့် လေး ထောင့်

- စာသင်ခန်း၏ထောင့်များတွင် "လုံးဝသဘောတူပါတယ်"၊ "သဘောတူပါတယ်" "သဘောမတူပါ" "လုံးဝသဘောမတူပါ" စသည့် ဆိုင်းဘုတ် (စာရွက်)များကို တစ်ထောင့်စီတွင်ကပ်ပါ။
- ကျောင်းသားများအား စဉ်းစားစရာ အငြင်းပွားဖွယ် မေးခွန်းတစ်ခုအားမေးပြီး သူတို့၏ ယုံကြည်ချက်နှင့် တူသောထောင့်တွင် မတ်တပ်ရပ်ခိုင်းပါ။
- ထို့နောက်ကျောင်းသားများအား သူတို့ရွေးချယ်ထားသော ထောင့်မှနေ၍ သူတို့ထိုအချက်ကို ရွေးချယ်လိုက်ရခြင်း အကြောင်းကို ရှင်းပြခိုင်းပါ။

**ဥပမာ။** ။စတုတ္ထတန်း ပထဝီနှင့်သမိုင်း (မြန်မာနိုင်ငံနှင့် အင်္ဂလိပ်နယ်ချဲ့) "အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ကျူးကျော်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဘုံဘေဘားမား သစ်ကိစ္စကြောင့် ဖြစ်သည်။" ဟူသောစာကြောင်းကိုဆရာမမှ ဖတ်ပြပြီးလျှင် ကျောင်းသားများအား အထက်ပါထောင့်လေးထောင့်အနက်၄င်း တို့ ယုံကြည်ရာထောင့်သို့သွားခိုင်းပါ။ ထို့နောက် ဆရာမမှ ဘာကြောင့်ဒါက အဓိက အကြောင်းအရင်း ဖြစ်တယ်လို့ သဘောတူလဲ။ သဘောမတူဘူးလဲဆိုတာကိုရှင်းပြ ခိုင်းပါ။

## Facebookအကောင့်အစီအစဉ်

- စံပြပုဂ္ဂိုလ် များအကြောင်းသင်ကြားရာတွင် ကျောင်းသားများအား သူတို့သင်ယူခဲ့ရသည့် ပုဂ္ဂိုလ်၏ အကြောင်းအား Facebook အကောင့်တွင်ပါဝင်သော အကြောင်းအရာများအတိုင်း ရေးချခိုင်းပါ။ ပါဝင်စေသောအကြောင်းအရာများမှာ အမည်၊ စိတ်ဝင်စားသောအရာများ၊ ဝါသနာများ ၊ သူငယ်ချင်းများ၊ ရောက်ဖူးသောနေရာများ၊ like ရရှိမှုများ၊ ပါဝင်ထားသောအဖွဲ့များ၊ ဆိုစကားများ အစရှိသဖြင့် ....

**ဥပမာ။** ။ စိန်ဗေဒါ (စတုတ္ထတန်း မြန်မာစာ)

ကျောင်းသားများအားစိန်ဗေဒါနှင့်ပတ်သက်သော ကိုယ်ရေးအချက်အလက်၊ သူ၏ အနစ်သက်ဆုံးသီချင်း၊ ဘွဲ့ နာမည်၊တီထွင်ဖန်တီးခဲ့သောတေး ဂီတများအစရှိသော အချက်အလက်များ ကိုထည့်သွင်းရန်အကြံပြုပါ။ သူဘယ်မှာနေခဲ့လဲ။

# ကျောင်းသားတစ်ဦးချင်းစီအလိုက်လုပ်ဆောင်ခြင်းနည်းလမ်းများ

## သုံး-နှစ်-တစ်

ခေါင်းစဉ်သစ်တစ်ခုကို သင်ယူပြီးနောက် ကျောင်းသားများတစ်ယောက်ချင်းစီသည် အောက်ပါ အချက်များ ကို ရေးရမည်။

- သင်ယူရရှိခဲ့သောအကြောင်းအရာအသစ်သုံးခု။
- စာသင်ကြားစဉ်အတန်းထဲ၌မဆွေးနွေးဖြစ်ခဲ့သော အကြောင်းအရာနှင့်ပတ်သတ်သောမေးခွန်းနှစ်ခု။
- အကြောင်းအရာနှင့်ပတ်သက်သောထင်မြင်ယူဆချက်တစ်ခု။

**ဥပမာ။** ။မစူးစမ်းမဆင်ခြင်သောယုန်သူငယ်(စတုတ္ထတန်းမြန်မာဖတ်စာ) မှ ကျောင်းသားများအား ထိုပုံပြင်မှ သင်ယူရရှိသော

- ပုံပမာ သုံးခု၊
- ပုံပြင်နှင်ပတ်သက်၍နားမလည်သောမေးခွန်းနှစ်ခု၊ နှင့်
- ပုံပြင်နှင့်ပတ်သက်သောထင်မြင်ယူဆချက်တစ်ခုအား(အတွဲလိုက်ဖြစ်စေ)ဆွေးနွေးမှုများပြုလုပ်ပေးပါ။

**3-2-1**

## မဲပေးခြင်း အစီအစဉ်

**သင်ခန်းစာအသစ်မိတ်ဆက်ပေးသည့်အပိုင်းတွင်အသုံးပြုနိုင်သည်။

- စာရွက်(သို့) စာရွက်ကြီးတွင် ရွေးချယ်စရာ အဖြေများ (သို့) ဟုတ်/မဟုတ် အဖြေများ ပါဝင်သော မေးခွန်းတစ်ခု (သို့) မေးခွန်းများကိုရေးချကာ ကျောင်းသားများအား ပြပါ။
- ကျောင်းသားများကို အဖြေရေးရန် စက္ကူ အပိုင်းလေးများပေးပါ။
- အဖြေရေးထားသောစာရွက်များကို အမည်မတပ်စေဘဲ ပုံးတစ်ခုထဲတွင်ထည့်ခိုင်းပါ။
- အဖြေမှန်ကိုကြေ်ငြာပေးပြီး ကျောင်းသားဘယ်နှစ်ယောက်က အဖြေမှန်ကို မဲပေးခဲ့ကြောင်းချီးကျူးပြောဆိုကာ လက်ခုပ်တီး၍အားပေးစေပါ။ (အဖြေ မှားသော သူများအရေအတွက်ကိုပြောစရာမလိုပါ)

ထို့နောက်မေးခွန်းပါအကြောင်းအရာများနှင့်ပတ်သက်သော သင်ခန်းစာများကိုသင်ကြားပါ။
သင်ခန်းစာ ပြီးဆုံးသောအခါ ကျောင်းသားများအား ကနဦးမေးခဲ့သော မေးခွန်းကိုဘဲပြန်မေးကာ မဲပြန်ထည့်စေပါ။
ထို့နောက် ရလဒ်များကို နှိုင်းယှဉ်ကြည့်ပါ။

**ဥပမာ။** ။ အချင်း၊ အချင်းဝက်သင်ခန်းစာ (တတိယတန်းသင်္ချာ)
အချင်း၊ အချင်းဝက်သင်ခန်းစာအစမပြုမီ ကျောင်းသားများအား စက်ဝိုင်းတစ်ခု၏အချင်းဝက်ကို မည်သို့ ရှာနိုင်ကြောင်း (ပုံသေနည်း)ကိုစာရွက်အပိုင်းတစ်ခုထဲတွင်ရေးကာ မဲပေးဆုံးဖြတ်စေပါ။
ရရှိလာသည့်အဖြများအား စာသင်ခန်း ရှေ့တွင်ချထားသော သေတ္တာထဲသို့ ထည့်သွင်းစေပါ။
ဆရာမှအဖြေမှန်ကိုကြေငြာပြီးအဖြေမှန်ရရှိသောသူများ ချီးမွမ်း ဂုဏ်ပြုပါ။သင်ခန်းစာ၏အဓိက အကြောင်းအရင်းများဖြစ်သော စက်ဝိုင်း၏အချင်းနှင့် အချင်းဝက်တွက်ချက်ပုံကို သင်ကြားပို့ ချပါ။
သင်ကြားမှုပြီးဆုံးပြီးနောက် ဆရာမှသင်ခန်းစာတတ်မြောက်မှုကို သိရှိရန်မဲပေးဆုံးဖြတ်မှုအစီအစဉ် ကိုနောက်တဖန်ပြန်လည်ပြုလုပ်ပေးပါ။



# နှစ်ယောက်တွဲအလိုက်လုပ်ဆောင်ခြင်းနည်းလမ်းများ

## ရတနာရှာဖွေခြင်း

- မေးခွန်းများကို စာသင်ခန်းထဲတွင်ဖွက်ထား ပါ။ (စာသင်ခန်းပြင်ပတွင်လည်း ဖွက်ထား နိုင်ပါတယ်).
- ကျောင်းသားများကမေးခွန်းများကို လိုက်ရှာပြီး အဖြေ များကိုအတူတစ်ကွ ဖြေဆိုခိုင်းပါ။
- မေးခွန်းများကိုဦးစွာဖြေဆိုနိုင်သောအဖွဲ့မှအနိုင်ရမည်။

**ဥပမာ။** ။သတ္တမတန်း ပထဝီ (မြန်မာနိုင်ငံ၊ လူဦးရေနှင့်လူမျိုးများ) ကျောင်းသားများအားအဖွဲ့ငယ်များဖွဲ့ကာမေးခွန်းစာရွက်များ နှင့်အညွှန်းများကိုရှာပါစေ။

၁)မြန်မာနိုင်ငံမှာ လူဦးရေ ဘယ်လောက်ရှိသလဲ။ နောက်မေးခွန်းအတွက် အုန်းပင် တစ်ပင်ကိုရှာပါ။

၂)ကယားလူမျိုးတွေရဲ့အဓိကအလုပ်အကိုင်ကဘာလဲ။ နောက်မေးခွန်းအတွက် မီးဖိုချောင်အနီးသို့သွားပါ။ (အစရှိသဖြင့် မေးခွန်းနှင့် နောက်မေးခွန်း တစ်ခုဖွက်ထားသောနေရာကိုပြောနိုင်မည့် အညွှန်းတစ်ခုခု ကိုစာရွက်အပိုင်းတစ်ခုပေါ်တွင် ရေးကာဝှက်ထားပါ။) မေးခွန်းအားလုံးကို ဦးစွာရှာဖွေဖြေဆိုနိုင်သောအဖွဲ့မှ အနိုင်ရရှိမည်ဖြစ်သည်။

## အတွဲလိုက် စမ်းစစ်ခြင်း

- ၂ယောက်တွဲအလိုက် ကျောင်းသားများအား ၎င်းတို့သင်ယူခဲ့သောအရာများနှင့်ပတ်သက်၍ အပြန်အလှန် စမ်းစစ်ခြင်းများပြုလုပ်ပါစေ။
- ကျောင်းသားများမှတစ်ယောက်တစ်လှည့် စီမေးခွန်းမေးခြင်း၊ဖြေခြင်းများပြုလုပ်ခိုင်းပါ။

## ကျောက်သင်ပုန်းပေါ်တွင်ပြည့်အောင် ရေးခြင်း

သင်ခန်းစာအသစ်နှင့်ပတ်သက်၍မည်မျှသိထားကြောင်းသိရှိရန် အသုံးပြုနိုင်သည်။
သင်ခန်းစာတစ်ခုပြီးတိုင်းအကြောင်းအရာပြန်လည်နွေးရန် အသုံးပြုနိုင်သည်။

- ကျောင်းသားများအား သင်ကြားမည့်သင်ခန်းစာအသစ် နှင့်ပတ်သက်သောအချက်အားလုံးကို သူတို့သိသလောက် ကျောက်သင်ပုန်းပေါ်တွင် ရေးခိုင်းပါ။
- ထို့နောက်သူတို့၏အမြင်များကို အတန်းအားပြန်လည်ရှင်း ပြခိုင်းပါ။

**ဥပမာ။** ရေသံသရာလည်ခြင်းအကြောင်းမသင်ကြားခင် ကျောင်းသားများအား ၎င်းတို့ သိထားသော မတူညီသည့် ရွာသွန်းခြင်းအမျိုးမျိုးကို ကျောက်သင်ပုန်းပေါ်တွင် လာရောက်ဆွဲသားခိုင်းပါ။

## တွေး-တွဲ-မျှဝေ (အတွဲလိုက်)

**အဆင့်မြင့်တွေးခေါ်ရန်လိုအပ်သော မေးခွန်းတစ်ခု (သို့) အဆင့်များစွာပါဝင်သောမေးခွန်းများ မေးသောအခါ

- ပြန်ဖြေရန်စဉ်းစားဖို့ကျောင်းသားအယောက်တိုင်း အား အချိန် ၁မိနစ်-၂ မိနစ် ခန့်ပေးပါ။
- နောက်တစ်ဆင့်အနေနှင့်အခြားကျောင်းသား တစ်ယောက်ဖြင့် တွဲ ကာမိမိ၏အဖြေများအား အပြန်အလှန် မျှဝေ ခိုင်းပါ။
- နောက်ဆုံးအနေဖြင့် အတွဲတိုင်းမှ မိမိတို့၏အဖြေ များအား တစ်ခန်းလုံးအား မျှဝေခိုင်းပါ။

**ဥပမာ။** ။စတုတ္ထတန်း မြန်မာစာ မြစ်ရောကဗျာအကြောင်းသင်ကြားစဉ်ကဗျာ၏ ဆိုလို ရင်းအဓိပ္ပာယ်ကို ကျောင်းသားများမည်မျှနားလည်ကြောင်း သိရှိနိုင်ရန်အထက်ပါနည်းလမ်းများအား အသုံးပြုသင်ကြား နိုင်ပါသည်။

# အဖွဲ့ငယ်အလိုက် (၃-၅ ယောက်ကြား)လုပ်ဆောင်ခြင်းနည်းလမ်းများ

## Presentation လုပ်ခြင်းအစီအစဉ်

- ဖတ်စာအုပ်တွင်ပါသော သင်ခန်းစာ အပိုင်းတစ်ခုအား ၅မိနစ်-၁၀မိနစ်စာခန့် ကျောင်းသားများမှ ရက်အနည်းငယ်အကြာတွင် ပြန်လည်သင်ကြားရန်တာဝန်ပေးပါ။
- ကျောင်းသားများ သင်ကြားချိန်တွင် သူတို့အား ဆရာအနေဖြင့် ဆက်ဆံပါ။
- ကျန်ကျောင်းသားများက မှတ်စုများလိုက်ရေးရန် နှင့် မေးခွန်းများမေးရန် တာဝန်ပေးပါ။

**ဥပမာ။** ။စတုတ္ထတန်းပထဝီဝင် (ရာသီဥတုအကြောင်း) လေ၊အပူချိန်၊ မိုး၊ မိုးတိမ်စသည့်သင်ခန်းစာခေါင်းစဉ်များကို ကျောင်းသားများအား  ပေးထားပြီး ကြိုတင်လေ့လာ ပြင်ဆင်စေပါ။ တင်ဆက်သည့်နေ့တွင် ကျန်ရှိနေသောကျောင်းသားများ အနေဖြင့်လေ့လာသင်ယူခြင်း၊ မှတ်စုများတွင်ရေးမှတ်ထား ခြင်းနှင့် သင်ကြားတင်ဆက်သူအားကောင်းစွာ နားမလည်သော အချက်များအားမေးမြန်းစေပါ။

## ပြခန်းတွင်း လမ်းလျှောက်ခြင်း

- အဖွဲ့ငယ်လေးများဖွဲ့၍  ခေါင်းစဉ်တစ်ခုအကြောင်းကို လေ့လာ/ဖတ် ခိုင်းပါ။
- တစ်ဖွဲ့နှင့်တစ်ဖွဲ့ခေါင်းစဉ်တူညီရန်မလိုပါ။ တစ်ဖွဲ့ချင်းစီက မိမိတို့ရဲ့ခေါင်းစဉ် နှင့်ပတ်သက်သော အကြောင်းအရာများကို အကျဉ်းချုပ်ရေးကာ နံရံပေါ်တွင် ကပ်ထားခိုင်းပါ။
- အဖွဲ့အားလုံးပြီးဆုံးသွားပါက ကျောင်းသားများအား အခန်းတွင်း လှည့်လည်ကြည့်ကာ အခြားအဖွဲ့များ၏ အချက်အလက်များကို မှတ်စုများရေးမှတ်ခိုင်းပါ။

**ဥပမာ။** ။ သင်္ချာ (ဂျီဩမေတြီ ပုံများနှင့် ဧရိယာများ)
ကျောင်းသားများအား အဖွဲ့လိုက် မတူညီသော ဂျီဩမေတြီပုံများ (ဥပမာ... ကုဗတုံး၊ ဆလင်ဒါ၊ ကတော့ချွန် အစရှိသော)ဆွဲခိုင်းပြီး ထိုပုံများ၏ ထုထည်၊ ဧရိယာ၊ ရှာသောပုံသေနည်းများ ရေးချခိုင်းပါ။ ထို့နောက် အဖွဲ့လိုက် ဆွဲထားသောစာရွက်ကြီးများကို စာသင်ခန်းအနှံ့တွင်ကပ်၍ အဖွဲ့များအားလိုက်လံကြည့်ရှုမှတ်သားခိုင်းပါ။

**ဥပမာ။** ။(ဆဌမတန်းသမိုင်း အီဂျစ်နိုင်ငံအကြောင်းမှ ပိရမစ်ပုံ၊ စဖင့်ရုပ်တုပုံ စသည်။)
ကမ္ဘာပေါ်တွင်ရှိသောအထင်ကရဖြစ်သောနေရာများအကြောင်းသင်ကြားပြီးသောအခါကျောင်းသားများ အား ၎င်းတို့သင်ယူခဲ့သောအရာများကို ပိုစတာများပြုလုပ်၍ကပ်ထားပါ။
စာသင်ခန်းအနှံ့  ကပ်ထားသောပိုစတာများအားကျောင်းသားများလှည့်လည်ကြည့်ရှုပြီး လေ့လာသင်ယူစေပါ။

# အဖွဲ့ငယ်အလိုက် (၃-၅ ယောက်ကြား)လုပ်ဆောင်ခြင်းနည်းလမ်းများ

## Debate ( စကားရည်လုပွဲ) အစီအစဉ်

- အုပ်စု နှစ်စု ခွဲပါ။
- အငြင်းပွားဖွယ်အဆိုပြုချက်တစ်ခုကို ကျောက်သင်ပုန်းပေါ်တွင်ရေးပါ။
- တစ်ဖွဲ့ က ထိုအဆိုပြုချက်ကို ထောက်ခံရမှာ ဖြစ်ပြီး  အခြားတစ်ဖွဲ့က ငြင်းဆိုရမှာ ဖြစ်ပါ တယ်။
  ကျောင်းသားများအား ပြင်ဆင်ရန်အချိန် ပေးပြီးနောက် သူတို့အချင်းချင်းအားစကားရည်လုပါစေ။

**ဥပမာ။** ။မိတ်ဆွေသုံးဦးအကြောင်း (စတုတ္ထတန်း မြန်မာဖတ်စာ)
ကျောင်းသားများကိုအုပ်စုနှစ်စုခွဲ၍ မိတ်ဆွေဆိုတာ မရှိမဖြစ်လိုအပ်သည်ဆိုတဲ့ခေါင်းစဉ်အား စကားရည်လုခိုင်းပါ။
ကျောင်းသားများသည်ပုံပြင်မှအကြောင်းအရာများကိုငှင်းတို့၏အငြင်း အဆိုပြုချက်အတွက်အသုံးပြုရမည်။

**ဥပမာ။** ။ဆဋ္ဌမတန်း သိပ္ပံ(လူသားနှင့်ပတ်ဝန်းကျင်)
"ကမ္ဘာပေါ်ရှိ ရေချိုသယံဇာတများနည်းပါးလာခြင်း၏အဓိကအကြောင်းအရင်းမှာစက်မှုလုပ်ငန်း
များပြားလာခြင်း ကြောင့်ဖြစ်သည်။"
ဟူသည့်ငြင်းဆိုဖွယ်ရာကိစ္စရပ်တစ်ခုကိုဖန်တီးပေးပြီးကျောင်းသားများမှ ထိုအဆိုကို
ထောက်ခံသော အဖွဲ့နှင့်  ထိုအဆိုကို ငြင်းဆိုသောအဖွဲ့အဖြစ် အုပ်စု နှစ်စုခွဲ၍ အကြောင်းအရာအပေါ်စကားရည်လု
ပြောဆိုခိုင်းပါ။ဤနည်းလမ်းသည်သင်ခန်းစာစတင်ရန်နှင့်ကျောင်းသားများမည်မျှသိပြီးသည်ကိုလေ့လာနိုင်သည်။





BY NC SA